# စောင့်ရှောက်သူများကို အချို့သော ဆုံးဖြတ်ချက်များ ပြုလုပ်ရန် အခွင့်အာဏာပေးခြင်း

**မိဘများအတွက် သိကောင်းစရာအချက်အလက်များ**

ဤစာစောင်သည် အိမ်ပြင်ပတွင် စောင့်ရှောက်ပေးသူ ပြုလုပ်နိုင်သော ဆုံးဖြတ်ချက်များအကြောင်း မိဘများအတွက် သိကောင်းစရာအချက်များ ပံ့ပိုးပေးပါသည်။ ဤစာစောင်၌ ကလေးနှင့်ပတ်သက်ပြီး သူတို့ကို ပြုစုစောင့်ရှောက်သူက မည်သည့်ဆုံးဖြတ်ချက် အမျိုးအစားများ ပြုလုပ်နိုင်ကြောင်း ရှင်းပြထားပါသည်။ ထို့အပြင် သင်ပိုမိုသိလိုသည့် အချက်များ မည်သည့်နေရာတွင် ရယူနိုင်သည်လည်း ပါဝင်သည်။ အကယ်၍ ကလေးသူငယ်များဆိုင်ရာ တရားရုံး၏ အမိန့်အရ သင့်ကလေးသည် သွေးသားတော်စပ်သူများ သို့မဟုတ် အလွန် ရင်းနှီးခင်မင်သူများ၏ စောင့်ရှောက်မှု၊ မိဘများကိုယ်စား မိဘသဖွယ် ယာယီစောင့်ရှောက်မှု၊ သို့မဟုတ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုစံနစ်အရ နေရာအသစ်တစ်ခု၌ စောင့်ရှောက်မှုဖြင့်နေထိုင်ရပါက ဤစာစောင်သည် သင်နှင့် သက်ဆိုင်ပါသည်။

## မည်ကဲ့သို့သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သနည်း။

### စောင့်ရှောက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ

စောင့်ရှောက်သူများသည် ကလေး၏ နေ့စဉ်ကိစ္စရပ်များ ဥပမာ ကလေး ဝတ်ဆင်သည့် အဝတ်အစား၊ သူတို့၏ တစ်နေ့တာ ပုံမှန်လုပ်ဆောင်မှုများ စသည်တို့အတွက် ဆုံးဖြတ်ချက် များစွာ ချရသည်။ သူတို့ကို ဤသို့လုပ်ဆောင်ရန် မျှော်လင့်ပြီးသားဖြစ်ကာ ဤကဲ့သို့သော ဆုံးဖြတ်ချက်များအတွက် ပြုလုပ်ခွင့်အာဏာ ပေးထားရန် မလိုအပ်ပါ။

### အချိန်တိုကာလ သဘောသက်ရောက်သော ဆုံးဖြတ်ချက်များ

ကလေးအတွက် မကြာမကြာ ပုံမှန် အချိန်တိုကာလဆိုင်ရာ ဆုံးဖြတ်ချက်များ ချရန် လိုအပ်ပါသည်။ စောင့်ရှောက်သူကို နေ့စဉ်ပုံမှန် လုပ်နေကျလုပ်ငန်းများအတွက် ဆုံးဖြတ် လုပ်ဆောင်ရခြင်းထက်ပိုသော သီးသန့် ဖော်ပြထားသည့် ကိစ္စရပ်များအား ဆုံးဖြတ်လုပ်ဆောင်ရန် အခွင့်အာဏာ ပေးအပ်ထားနိုင်သည်။ ဥပမာများမှာ ကလေးသည် ကျောင်း၏ ပြင်ပ ဗဟုသုတ လေ့လာရေးခရီးတွင် လိုက်နိုင်ခွင့်ရှိ/မရှိ၊ အားကစား သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ခွင့်ရှိ/မရှိ၊ သို့မဟုတ် သာမန် ဖျားနာခြင်းများအတွက် ဆရာဝန်ထံ သွားခွင့်ရှိ/မရှိ စသည်တို့ပါဝင်သည်။ သင့်ကလေး၏ ကိစ္စရပ်များဆိုင်ရာ စီစဉ်သူထံ၌ ကလေးများ အိမ်ပြင်ပတွင် စောင့်ရှောက်မှုခံယူနေစဉ်အတွင်း ကလေးများအတွက် မှန်ကန်သင့်လျော်သော ဆုံးဖြတ်ချက်များချမှတ်ခြင်း သေချာစေရန် တာဝန်ရှိသည်။ သူတို့က ဤကဲ့သို့သော ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်များ ချမှတ်လုပ်ဆောင်ရန် သင့်ကလေးအား စောင့်ရှောက်သူကို အခွင့်အာဏာ ပေးအပ်နိုင်သည်။

စောင့်ရှောက်သူသည် ဤကဲ့သို့သော ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အရေးကြီးသည်။ ဤကဲ့သို့ဆုံးဖြတ်နိုင်ခြင်းက သင့်ကလေး၏ လိုအပ်ချက်များကို အချိန်မီ ဖြည့်ဆည်းပေးနိုင်ရန် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

### ကာလရှည်ကြာသည့် သဘောသက်ရောက်သော ဆုံးဖြတ်ချက်များ

အကယ်၍ ကလေးသူငယ်များဆိုင်ရာ တရားရုံးသည် သင့်ကလေးအတွက် ယာယီ နေရာထိုင်ခင်းဆိုင်ရာ အမိန့် သို့မဟုတ် မိသားစု ပြန်လည် ပေါင်းစည်းနေထိုင်ရေးဆိုင်ရာ အမိန့် ထုတ်ပြန်ခဲ့ပါက ကာလရှည်ကြာစွာ ဆောင်ရွက်ရမည့် အရေးပါသော ကိစ္စရပ်များအတွက် ၎င်းတို့သည် သင့်သဘောတူညီချက် မပါဘဲ မဆောင်ရွက်နိုင်သဖြင့် သင့်ကလေး၏ ကိစ္စရပ်များဆိုင်ရာ ဆောင်ရွက်သူက သင့်အား ဆက်သွယ်ပါလိမ့်မည်။

အကယ်၍ ကလေးသူငယ်များဆိုင်ရာ တရားရုံးသည် သင့်ကလေးအတွက် DHS ဌာနက တိုက်ရိုက် တာဝန်ယူ စောင့်ရှောက်ရန်အမိန့် သို့မဟုတ် အိမ်ပြင်ပ၌ စောင့်ရှောက်ခြင်းဆိုင်ရာအမိန့်ကို ချမှတ်ပါက သင့်ကလေးအား စောင့်ရှောက်သူသည် အခြေအနေများပေါ် မူတည်၍ ကာလရှည်ကြာသည့် သဘောသက်ရောက်သော အရေးပါသည့် ကိစ္စရပ်များအတွက် အချို့သောဆုံးဖြတ်ချက်များ ချနိုင်စေရန် စောင့်ရှောက်သူကို အခွင့်အာဏာ ပေးအပ်ထားနိုင်သည်။ အကယ်၍ အမြဲတမ်းကာလအတွက် ချိုင့်ထားရှိသည့် ရည်မှန်းချက်သည် ကာလရှည်ကြာစွာ သို့မဟုတ် အမြဲတမ်း စောင့်ရှောက်ခြင်းအတွက် ဖြစ်ပါက အထက်ပါကဲ့သို့ ဖြစ်နိုင်ပါသည်။ အကယ်၍ သင့်ကလေးသည် ကာလရှည်ကြာစွာအတွက် ရည်ရွယ်ထားသော စောင့်ရှောက်သူများနှင့် အတူနေထိုင်နေပါက ၎င်းမှာ ပိုပြီး ဖြစ်နိုင်ခြေရှိပါသည်။

ကလေးအတွက် ကာလရှည်ကြာသည့် သဘောသက်ရောက်သော အရေးပါသည့် ကိစ္စရပ်ဆိုသည်မှာ ထိုကလေးအတွက် **ကာလရှည်ကြာသော သဘာဝရှိသည့်** စောင့်ရှောက်မှု၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်ဆိုင်သော ကိစ္စရပ်ကို ဆိုလိုသည်။ ၎င်းတွင် **ကာလရှည်ကြာသော သဘာဝရှိသည့်**

ကလေး၏ ပညာရေး (လက်ရှိအချိန်နှင့်အနာဂတ်ကာလ နှစ်ခုစလုံး)၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအရ သွန်သင်ထိန်းကျောင်းမှု၊ ကျန်းမာရေး သို့မဟုတ် အမည် စသည်တို့ ပါဝင်သည်။

## ကျွန်ုပ်ကလေးအား စောင့်ရှောက်သူက မည်သည့်ကိစ္စရပ်များအတွက် ဆုံးဖြတ်နိုင်ခွင့်ရှိကြောင်း ကျွန်ုပ် မည်သို့သိရမည်နည်း။

သင် စာတစ်စောင် လက်ခံရရှိပါမည်။ ထိုစာထဲတွင် သင့်ကလေးအား စောင့်ရှောက်သူ ဆုံးဖြတ်ခွင့်ရှိသည့် ကိစ္စရပ်များကို စာရင်းပြုစုပေးထားပါလိမ့်မည်။

### ကျွန်ုပ်မှာ အခြားမေးမြန်းလိုသည်များ ရှိပါက မည်သို့လုပ်ရမည်နည်း။

အကယ်၍ သင် မေးမြန်းလိုသည်များရှိပါက ကျေးဇူးပြု၍ သင့်ကလေး၏ ကိစ္စရပ်များဆိုင်ရာ ဆောင်ရွက်သူကို ဆက်သွယ်ပါ။

ကိစ္စရပ်များဆိုင်ရာ ဆောင်ရွက်သူမှာ ______________________________ ဖုန်းနံပါတ်မှာ ______________________________

အကယ်၍ သင် ဤစာစောင်ကို အခြားစီစဉ်ဖွဲ့စည်းမှု ပုံစံဖြင့် ရလိုပါက ကျေးဇူးပြု၍ 1300 650 172 ကို ဖုန်းဆက်ပါ၊ လိုအပ်ပါက National Relay Service 13 36 77 ကို သုံးပါ၊ သို့မဟုတ် cyfa.reforms@dhs.vic.gov.au ကို အီးမေးလ် ပို့ပါ။

ဗစ်တိုးရီးယားပြည်နယ်အစိုးရ 1 Treasury Place, Melbourne မှ ခွင့်ပြုပြီး ထုတ်ဝေသည်။

၂၀၁၆ ခုနှစ် မတ်လ